
# ACC Against COVID-19




အစီအစဉ် (၇၈)

## “အကျိုးစီးပွား ပဋိပက္ခ ”

တင်ပြသူ

မျိုးသက်ပိုင်

## အကျိုးစီးပွားပဋိပက္ခ





အရည်အချင်းမပြည့်မီပေမဲ့ ဆွေမျိုးသားချင်းကို လုပ်ငန်းအဖွဲ့အစည်းတစ်ခုမှာ ခန့်ထားလိုက်တယ် ဆိုတာတွေ၊ အရာရှိတစ်ဦးက သူလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဌာနအတွက် လိုအပ်သော ကုန်ကြမ်းတွေ/ ဝန်ဆောင်မှုတွေကို ထောက်ပံ့ပေးနိုင်တဲ့ ကုမ္ပဏီထောင်ထားတယ်ဆိုတဲ့အကြောင်းအရာတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဌာနနဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုမှာ အကြံပေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြတာတွေ၊ အစိုးရဌာနရဲ့ သတင်းအချက်အလက် (ဥပမာ တရားဝင်ချပြထားခြင်းမရှိတဲ့ စီမံကိန်းလုပ်ငန်း)တွေကို ငွေကြေးလက်ခံပြီးတော့ ဆက်စပ်သည့် ကုမ္ပဏီတွေကို ပေးနေတာတွေကို မိမိတို့အနေဖြင့် ကြားသိနေရပါတယ်။







ဒါ့အပြင် ဝယ်ယူရေးလုပ်ငန်းစဉ်တွေမှာလည်း ကုန်အမှတ်တံဆိပ်ကို ညွှန်းပေးနေလို့ ကုမ္ပဏီက နိုင်ငံခြားခရီးစဉ်သွားရောက်ရေးအတွက် ဆောင်ရွက်ပေးတာတွေ၊ အထက်အရာရှိ သို့မဟုတ် လက်အောက်လုပ်ဖော်ကိုင်ဖက်နဲ့ သမီးရည်းစားဆက်ဆံရေးကြောင့် မျက်နှာရတာ/ အခွင့်အရေး ပေးခံရတာ၊ သူငယ်ချင်းမို့လို့ စည်းကမ်းဖောက်ဖျက်တာကို ပေါ်ပေါက်အောင် စုံစမ်းဆေးမှုမပြုတာ၊ အကျိုးအမြတ်ရရှိနေလို့ ဖြောင့်မတ်တည်ကြည်စွာ အမှန်အတိုင်း မဆောင်ရွက်နိုင်တာတွေစတဲ့ အလားတူ အခြားသော အကြောင်းအရာတွေကိုလည်း ကြုံတွေ့ ကြားသိဖူးကြမယ် လို့ထင်ပါတယ်။ ဒါတွေဟာ အကျိုးစီးပွားပဋိပက္ခကြောင့် ပေါ်ပေါက်လာတဲ့ မရိုးဖြောင့်မှုတွေဖြစ်ပါတယ်။

## အဓိပ္ပာယ်ဖွင့်ဆိုမှု

အကျိုးစီးပွားပဋိပက္ခ ရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ပတ်သက်ပြီး အဖွဲ့အစည်းအမျိုးမျိုး နဲ့ အဘိဓာန်အမျိုးမျိုးမှာ ဖော်ပြထားပါတယ်။

နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့အစည်း TI (Transparency International) ရဲ့ “Conflict of Interests” အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ အပိုအလိုမရှိသည့်အတွက် တင်ပြလိုပါတယ်-

> “အကျိုးစီးပွားပဋိပက္ခ (Conflict of Interests)” ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ၎င်းတို့တာဝန်ထမ်းဆောင်သည့် အစိုးရအဖွဲ့၊ စီးပွားရေးလုပ်ငန်း၊ မီဒီယာ သို့မဟုတ် လူမှုရေးအဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်လိုအပ်ချက်များနှင့် ကိုယ်ကျိုးစီးပွားတို့အကြား ရွေးချယ်ရမှု ကြုံတွေ့ရသည့်အခြေအနေ” ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

အကျိုးစီးပွား ပဋိပက္ခကို ယေဘုယျအားဖြင့် (၂) မျိုးခွဲခြားနိုင်ပါတယ်။

၁။ ငွေကြေးဆိုင်ရာ အကျိုးစီးပွား ပဋိပက္ခ

၂။ ငွေကြေးနှင့်သက်ဆိုင်မှုမရှိသည့် အကျိုးစီးပွားပဋိပက္ခ

## ငွေကြေးဆိုင်ရာ အကျိုးစီးပွား ပဋိပက္ခ




မိမိတို့အနေဖြင့် ဆောင်ရွက်ရမည့် ဆုံးဖြတ်မှုကြောင့် ငွေကြေးအကျိုးအမြတ်ရရှိခြင်း သို့မဟုတ် ဆုံးရှုံးခြင်းဖြစ်စေသည့်အခြေအနေရှိပါတယ်။

သက်ရောက်မှုများသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍လည်း ဖြစ်နိုင်ပါတယ်။

ဥပမာအားဖြင့် ကိုယ့်ရဲ့အိမ်ထောင်ဖက်၊ လုပ်ငန်းစပ်တူတွဲဖက်၊ အကျိုးတူအဖွဲ့အစည်းတွေ ကရရှိသော ငွေကြေးဆိုင်ရာ အကျိုးအမြတ်အား ကိုယ့်အနေဖြင့် မျှဝေခံစားခြင်းဖြစ်ပါတယ်။

ငွေကြေးဆိုင်ရာ အကျိုးအမြတ်ဆိုတိုင်း ငွေပေးငွေယူခြင်းသည် တိုက်ရိုက်ပါဝင်ရန်မလိုအပ်ပါဘူး။ ဥပမာအားဖြင့် လူတစ်ဦး တစ်ယောက်ပိုင်ဆိုင်သော မြေယာ သို့မဟုတ် အစုရှယ်ယာ၏ တန်ဖိုးတက်စေခြင်း သို့မဟုတ် ထိုသူပါဝင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းအခြေအနေ ကောင်းမွန်လာစေခြင်းတို့ကို လည်း ဆိုနိုင်ပါတယ်။

# ငွေကြေးနှင့်သက်ဆိုင်မှုမရှိသည့် အကျိုးစီးပွားပဋိပက္ခ

မိမိတို့၏ ဆုံးဖြတ်ချက်သည် မိမိတို့အပေါ် ငွေကြေးအရ သက်ရောက်မှုမရှိသော်လည်း မိမိတို့အား ဘက်လိုက်မှုကို ဖြစ်စေသည့် သို့မဟုတ် ဘက်လိုက်မှုကို <u>ဖြစ်စေနိုင်</u>သည့် အခြေအနေကို ဆိုပါသည်။




မိသားစု၊ မိတ်ဆွေ သို့မဟုတ် အခြားသော လူပုဂ္ဂိုလ်ဆိုင်ရာ ဆက်ဆံရေးများမှ ပေါ်ပေါက်လေ့ရှိပါသည်။ ထို့အပြင် မိမိလက်ရှိအလုပ်ပြင်ပအဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ထားခြင်း သို့မဟုတ် ပါဝင်ပတ်သက်ထားခြင်းတို့မှ ဖြစ်ပွားလေ့ရှိပါသည်။

## ကျင့်ဝတ်ဖောက်ဖျက်မှု

လူတိုင်းဟာ အကျိုးစီးပွားပဋိပက္ခအခြေအနေကို ကိုယ်တိုင်ကြုံတွေ့နိုင်ပါတယ်။

အကျိုးစီးပွားပဋိပက္ခကြုံတွေ့ရုံဖြင့် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဖြောင့်မတ်တည်ကြည်မှုမရှိဟု မဆိုနိုင်ပါဘူး။









ဥပမာအားဖြင့် တင်ဒါလုပ်ငန်းစိစစ်ရေးကော်မတီမှာ တာဝန်ရှိတဲ့အရာရှိတစ်ဦးရဲ့အမျိုးသမီးဟာ ကုမ္ပဏီလုပ်ငန်းတစ်ခု ကိုယ်စားလှယ်အဖြစ် တင်ဒါလုပ်ငန်းကို လာရောက်လျှောက်ထားတာမျိုးရှိနိုင်ပါတယ်။

ထိုကဲ့သို့ အကျိုးစီးပွားပဋိပက္ခဖြစ်နေတဲ့အခြေအနေမှာ ၎င်းအရာရှိဟာ အခြေအနေမှန်ကို ဖုံးကွယ်မထားဘဲ ပွင့်လင်းစွာ ထုတ်ဖော်ပြီး ရာထူးတာဝန်ကို အသုံးချကူညီပေးခြင်း၊ လုပ်ထုံးလုပ်နည်းကျော်လွှန်ခြင်းမရှိပါက ကျင့်ဝတ်ဖောက်ဖျက်ခြင်း (unethical)၊ ဖြောင့်မတ်တည်ကြည်မှုမရှိခြင်း (lack of Integrity) ဟု မဆိုပါနိုင်ပါဘူး။


သို့သော် ယင်းအကျိုးစီးပွားပဋိပက္ခ အခြေအနေကို ပွင့်လင်းစွာထုတ်ဖော်ခြင်းမရှိဘဲ ရာထူးတာဝန်ကို အသုံးချကူညီခြင်း၊ လုပ်ထုံးလုပ်နည်းကျော်လွှန်ဆောင်ရွက်ခြင်းရှိပါက ကျင့်ဝတ်ဖောက်ဖျက်ခြင်း၊ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းပင် ဖြစ်ပါတယ်။






## အလေ့အထ

လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့် အကျိုးစီးပွားပဋိပက္ခအခြေအနေဖြစ်လာသည့်အခါတိုင်း အခွင့်အရေးလို့ မမှတ်ယူဖို့လိုပါတယ်။လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ဌာနဆိုင်ရာ လုပ်ငန်းများနှင့် ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းများကို ထူထောင်လာခြင်းဖြင့် အကျိုးစီးပွားပဋိပက္ခ အခြေအနေကို ဖန်တီးယူ၍အသုံးချတာကိုလည်း အလေ့အထတစ်ခုအနေနဲ့ တွေ့ရှိရပါတယ်။








## ဆိုးကျိုးသက်ရောက်မှုများ

အကျိုးစီးပွားပဋိပက္ခကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိလို့ လုပ်ငန်းတာဝန်များထိရောက်စွာ ဆောင်ရွက်နိုင်မှု မရှိတဲ့ ဌာနတွေ၊ ကျရှုံးခဲ့တဲ့ စီးပွားရေး လုပ်ငန်းတွေ၊ ဂုဏ်သတင်းပျက်ပြားခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ အများအပြားပင် ဖြစ်သည်ကို သိနိုင်ပါတယ်။ အကျိုးစီးပွားပဋိပက္ခတစ်ခုချင်းရဲ့ Butterfly Effect သက်ရောက်မှု ဖြစ်နိုင်ခြေဟာ များပြားလှပါတယ်။ လွတ်လပ်စွာ ရပ်တည်ဆုံးဖြတ်နိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ခံမှုကဲ့သော အလေ့အထကောင်းများ ပျောက်ဆုံးစေသည့်အပြင် အဂတိလိုက်စားမှု၊ ခရိုနီစနစ်နှင့် ဆွေမျိုးကောင်းစားရေး ဝါဒကဲ့သို့ ဆိုးရွားသော စနစ်များကို အမြစ်တွယ်စေရန် ရေခံမြေခံကောင်းဖြစ်ပေါ်လာစေပါတယ်။

# ထိန်းချုပ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ခြင်း

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အကျိုးစီးပွားပဋိပက္ခများကို ထိန်းချုပ်နိုင်ရေး အတွက် လုပ်ငန်းသဘောသဘာဝအလိုက် မူဝါဒ၊ ကျင့်ဝတ်၊ စည်းကမ်းသတ်မှတ်ချက်များ၊ ဖွင့်ဟထုတ်ဖော်ခြင်းနှင့် သတင်းပေးပို့မှုစနစ်များကို ထူထောင်ရေးဆွဲထားသင့်ပါတယ်။

မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူအသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်ရေး အတွက် လိုက်နာရမည့်ကျင့်ဝတ်(Code of Conduct)ရေးဆွဲ၍ အခြေခံမူ (၆) ရပ်ကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ COC ၏ အခြေခံမူတစ်ရပ်ဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှုတွင် အကျိုးစီးပွားပဋိပက္ခအခြေအနေဆိုင်ရာ ကိစ္စရပ်နှင့် ပတ်သက်၍လည်း ရှင်းလင်းပါရှိပါတယ်။ ကော်မရှင်ကျင့်ဝတ်ကို လေ့လာလိုပါက https://www.accm.gov.mm/acc/index.php?route=product/category&path=60 တွင် ဝင်ရောက်ကြည့်ရှု၍ download ရယူနိုင်ပါတယ်။






မိမိတို့နိုင်ငံရှိ အချို့သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင်လည်း အကျိုးစီးပွား ပဋိပက္ခမဖြစ်စေရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ဥပမာ ရွှေလျော်ဖို တစ်ခုတွင် ရွှေလျော်အလုပ်သမားများ အနေဖြင့် ရွှေလျော်ရန် လာရောက်လုပ်ငန်းအပ်နှံသူများထံမှ လက်ဆောင်ရယူခြင်း၊ ဧည့်ခံကျွေးမွေးမှုကိုလက်ခံခြင်း၊ လုပ်ငန်းစပ်တူလုပ်ကိုင်ခြင်းမပြုရန် စည်းကမ်းသတ်မှတ်ထားပြီး စည်းကမ်းဖောက်ဖျက်ပါက ထုတ်ပယ်ခြင်း ဆောင်ရွက်တာကို တွေ့မိခဲ့ပါတယ်။ ရွှေလျော်ဖိုလုပ်ငန်းရှင်အနေဖြင့် ရွှေလျော်အလုပ်သမားများ နှင့် လုပ်ငန်းအပ်နှံသူတို့အကြား အကျိုးစီးပွားပဋိပက္ခအခြေခံသည့် မသမာမှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်းဖြင့် ရွှေလျော်ဖိုလုပ်ငန်း အောင်မြင်စွာ ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရပါသည်။





## နိဂုံး

သစ်တစ်ပင်ကောင်းလို့ ငှက်တစ်သောင်းနားနိုင်တယ် ဆိုတာ ဆွေမျိုး၊ မိတ်ဆွေတို့ကို စောင့်ရှောက်ထောက်ပံ့နိုင်ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ မူလအဓိပ္ပါယ်ကတော့ လွန်စွာကောင်းမွန်ပါတယ်။ သို့သော် အကျိုးစီးပွား ပဋိပက္ခအခြေအနေကို လုပ်ယူဖန်တီးပြီး ရာထူးလုပ်ပိုင်ခွင့်အသုံးချကာ မိမိ အကျိုးစီးပွားကောင်းစားရေး၊ ဆွေမျိုး မိတ်ဆွေကောင်းစားရေးအတွက် အသုံးမချသင့်ပါကြောင်းနှင့် စီမံထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။



# References:


၁။ https://www.transparency.org/en/corruptionary/conflict-of-interests

၂။ www.accm.gov.mm

၃။ https://oag.parliament.nz/2020/conflicts/part3.htm

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေး ကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် "ACC Against COVID-19" ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program "ACC Against COVID-19" is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.